# မြို့ပြ ချုံပုတ် အမျိုးသမီးများ (Urban Bush Women)

ဂျဝိုးလီး ဝီလာ ဂျို ဇိုလာ (Jawole Willa Jo Zollar) တည်ထောင်သူ အနုပညာရေးရာ ဒါရိုက်တာ

ဂျာနာ လာ စော့တ် (Jana La Sorte) အမှုဆောင် ဒါရိုက်တာ

ခရစ်စတင်း ကင်း (Christine King) တွဲဖက် အနုပညာရေးရာ ဒါရိုက်တာ

စူဇန် ဟမ်ဘာဂါ (Susan Hamburger) နည်းပညာ ဒါရိုက်တာ /အလင်းရောင် ဒီဇိုင်းလုပ်သူ

*ပါဝင်သူအဖွဲ့*

မေဂန် ဘိုဒင် (Meghan Bowden)
ကက်သရင်း ဒေနေစီ (Catherine Dénécy)
မာဂျနီ ဖော့တေ (Marjani Forté)
ပလိုမာ မက်ဂရက်ဂါ (Paloma McGregor)
စမန်သာ စပိတ်စ် (Samantha Speis)
ကီရှာ တာနာ (Keisha Turner)
ဘန်နာဒရာ ဝီလီယမ် (Bennalldra Williams)

DanceMotion USA℠ က အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရိုရဲ့ စီမံကိန်းတရပ်ဖြစ်ပြီး BAM (Brooklyn Academy of Music - ဘရွတ်ကလင် ဂီတကျောင်း) က ထုတ်လုပ်တာ ဖြစ်ပါတယ်။

www.DanceMotionUSA.org ကို ကြည့်ပါ။

အနုပညာအစီအစဉ်နဲ့ အနုပညာသည်များ အပြောင်းအလဲရှိနိုင်ပါတယ်။

ဓာတ်ပုံရိုက်တာ (သို့) အသံဖမ်းတာတို့ကို ဘယ်ပုံစံနဲ့မှ ခွင့်မပြုပါဘူး။

လှည့်လည်ဖြေဖျော်မှု အချက်အလက်ရယူဖို့ ဆက်သွယ်ရန်။ ။

LISA BOOTH
MANAGEMENT, INC.

145 West 45th St, #602
New York, NY 10036

ဖုန်း 212.921.2114
ဖက်စ် 212.921.2504
artslbmi@msn.com

## နောက်ကြောင်းပြန်ကြည့်ခြင်း/ရှေ့တွေးဆကြည့်ခြင်း . . . အေးအေးဆေးဆေးပဲ (FLASHBACK/FLASH FORWARD… COOL, BABY COOL)

(၂၀၀၇)

*ကြာချိန်။ ။* ၉ မိနစ်

*ကကွက်။ ။* (ဂျိုးလေ ဝီလာ ဂျို ဇိုလာ) (Jawole Willa Jo Zollar) က အဖွဲ့နှင့်အတူ

*ဂီတ။ ။* အဲဗရက် စောင်းဒါး (Everett Saunders) က နဂို အယ်ရင် ဂေါမန် (Erin Gorman) နဲ့ ပီ ဖန့် (P. Funk) ရဲ့ (Wants to Get Funked Up)၊ Parliament ကို ပြောင်းလဲ ပေါင်းစပ်ထားပါတယ်

*အလင်းရောင်။ ။ စူဇန် ဟမ်ဘာဂါ* (Susan Hamburger)

*ကပြသူများ။ ။* မေဂင် ဘိုဒင် (Meghan Bowden)၊ ကက်သရင် ဒေနေစီ (Catherine Dénécy)၊ မာဂျနီ ဖော်တေ (Marjani Forté)၊ ပလိုမာ မက်ဂရက်ဂါ (Paloma McGregor) ၊ စမင်သာ စပီး (Samantha Speis)၊ ကီးရှာ တာနာ (Keisha Turner)၊ ဘင်နယ်ဒရာ ဝီလီယမ် (BennaIldra Williams)

ဟာသနဲ့ အာဖရိက အမေရိကန် လူမှုရေး အကတွေကတဆင့် ဖန့်ခ် ပြောင်းလဲပုံကို လေ့လာထားပါတယ်။

---

## ကိုယ်လုံးတီး မြို့ (NAKED CITY)

(၂၀၀၉)

*ကြာချိန်။ ။* ၂၂ မိနစ်

*ကကွက်ဖန်တီးသူ။ ။* (ဂျိုးလေ ဝီလာ ဂျို ဇိုလာ) (Jawole Willa Jo Zollar) က အဖွဲ့နှင့်အတူ

*ဂီတ။ ။* “Safe & Found” နဲ့ “In What Way”၊ (Portholes to A Love) က ပိုင်ရန် သရက်ဂီးလ် (Pyeng Threadgill) ၊ အခြားဝတ္ထုတိုများ

*အဝတ်အစား ဒီဇိုင်း။ ။* နာအိုကို နာဂါတာ (Naoko Nagata)

*အလင်းရောင်။ ။* စူဇန် ဟမ်ဘာဂါ (Susan Hamburger)

*ကပြသူများ။ ။* ကက်သရင် ဒေနေစီ (Catherine Dénécy)၊ မာဂျနီ ဖော်တေ (Marjani Forté)၊ ပလိုမာ မက်ဂရက်ဂါ (Paloma McGregor) ၊ စမင်သာ စပီး (Samantha Speis)၊ ကီးရှာ တာနာ (Keisha Turner)၊ ဘင်နယ်ဒရာ ဝီလီယမ် (BennaIldra Williams)

ဒီခေါင်းစဉ်က ၁၉၅၀ ခုနှစ်တွေတုန်းက ရုပ်မြင်သံကြားအစီအစဉ် “Naked City”ကို ရည်ညွှန်းပါတယ်။ ရယ်စရာကောင်းပြီး တခါတလေ ထေ့ငေါ့ထားပါတယ်။ တိုနီ မောရစ်စင် (Toni Morrison) ရဲ့ Jazz ဆိုတဲ့ ဝတ္ထုကရုပ်ပုံတွေကနေ ဇိုလာ (Zollar) က လှုပ်ရှားမှုတွေ အများအပြားဖြစ်ပေါ်နေမှုအတွက် အကြံရပါတယ်။ ဂျိုးစေဟာ ဒီအလုပ်ဖန်တီးရာမှာ အကူအညီပေးခဲ့တဲ့ သူမရဲ့ ဖလော်ရီဒါ ပြည်နယ် တက္ကသိုလ်က ကျောင်းသူကျောင်းသားတွေကို ကျေးဇူးတင်ပါတယ်။

---

## ပုလဲနှင့် လမ်းလျှောက်ခြင်း . . . တောင်ပိုင်း ဒိုင်ယာရီများ (WALKING WITH PEARL . . . SOUTHERN DIARIES)

(၂၀၀၅)

*ကြာချိန်။ ။* ၃၇ မိနစ်

*“ကပြသူ၊ သုတေသီ အနေနဲ့ တောင်ပိုင်းကို သွားခဲ့ပါတယ်။ ကမ္ဘာမြေကြီးနဲ့ လူသားတွေကို ကိုယ်တွေ့ ကြုံတွေ့ဖို့ တောင်ပိုင်း သွားခဲ့ပါတယ်။” – ပဲလ် ပရီးမတ်စ်* (Pearl Primus)

*ကကွက်။ ။* (ဂျိုးလေ ဝီလာ ဂျို ဇိုလာ) (Jawole Willa Jo Zollar) က အဖွဲ့နှင့်အတူ

***“Hard Time Blues”*** *အတွက် ကကွက်။ ။* ပဲလ် ပရီးမတ်စ် (Pearl Primus) (၁၉၄၅)၊ ကင် ဘဲစ်–ဘေးလီ (Kim Bears-Bailey)က ပြန်လည်တင်ဆက်သည်

*အဝတ်အစား ဒီဇိုင်းရှင်။ ။* ထရေဘီရန်း ပိုလဒ် (Trebien Pollard)၊ လက်စလီ မိုင်ယား (Lesley Myers) ဆောက်လုပ်ရေး

*ဂီတ။ ။* ဂျော့ရှ် ဝိုက် (Josh White) ရဲ့ “Hard Times”၊ Stinson တေးသံသွင်း၊ ဘဲနီးစ် ရေးဂွန် (Bernice Reagon) ရဲ့ ဂီတနဲ့ စာသား၊ TRO – Workshop ထုတ်လုပ်ရေး – BMI ရဲ့ “Anybody Here”

*အလင်းရောင်နဲ့ အမြင်ဒီဇိုင်း။ ။* စူဇန် ဟမ်ဘာဂါ (Susan Hamburger)

---

*တင်ဆက်သူများ။* ။ မေဂင် ဘိုဒင် (Meghan Bowden)၊ ကက်သရင် ဒေနေစီ (Catherine Dénécy)၊ မာဂျနီ ဖော်တေ (Marjani Forté)၊ ခရစ်စတင်း ကင်း (Christine King)၊ ပလိုမာ မက်ဂရက်ဂါ (Paloma McGregor) ၊ စမင်သာ စပီး (Samantha Speis)၊ ကီးရှာ တာနာ (Keisha Turner)၊ ဘင်နယ်အရာ ဝီလီယမ် (BennaIldra Williams)

*ဒေါက်တာ ပဲလ် ပရီးမတ်စ် (Dr. Pearl Primus) ရဲ့ ဘဝနဲ့ အလုပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဖန်တီးထားပါတယ်။ ၁၉၃၀ နဲ့ ၄၀ ခုနှစ်တွေတုန်းက တောင်ပိုင်းက ကျေးလက် အာဖရိက အမေရိကန်တွေရဲ့ –ကောက်ရိတ်သူတွေ၊ ဘုရားကျောင်းတက်သူတွေ၊ ယုံကြည်ခြင်းနဲ့ ဉာဏ်ပညာသုံးပြီးနေထိုင်ခဲ့တဲ့ စိတ်ဓာတ်ခိုင်မာတဲ့အမျိုးသမီးတွေရဲ့– ဘဝကို သရုပ်ဖော်ထားပါတယ်။*

*ပုလဲနှင့်လမ်းလျှောက်ခြင်း . . . တောင်ပိုင်း ဒိုင်ယာရီများ(Walking With Pearl . . . Southern Diaries)*ကို နယူးယောက်က ဒေါရစ် ဒုခ် (Doris Duke) ဆုတွေက အမေရိကန်အကပွဲတွေနဲ့ နိုင်ငံတော် အနုပညာရန်ပုံငွေအဖွဲ့တို့ရဲ့ နောက်ထပ်ပံ့ပိုးမှုတို့နဲ့ စီစဥ်ထားပါတယ်။ ဖလော်ရီတာ ပြည်နယ် တက္ကသိုလ် ကကွက်အတွက် မက်ဂီ အလီစီး (Maggie Allesee) နိုင်ငံတော် စင်တာမှာ အလုပ်သင်ရာကနေ ဖန်တီးခဲ့ပါတယ်။ ပဲလ် ပရီးမတ်စ် ပိုင်ဆိုင်မှုရဲ့ ခွင့်ပြုချက်နဲ့ မူရင်း ပရီးမတ်စ် ကကွက်ကို သုံးထားပါတယ်။

(*Walking with Pearl… Southern Diaries) က အသံအတွက် စာသားတွေကို လင်စတန် ဟျူး (*Langston Hughes*) ရဲ့* "From Here to yonder" *က ကောက်နုတ်ချက်ကလွဲပြီး* Schomberg မော်ကွန်းတိုက်က ပဲလ် ပရီးမတ်စ်နဲ့ အင်တာဗျူးတွေက ရယူထားပါတယ်။ ။

တနင်္ဂနွေ တမနက် "ကျွန်ုပ်ရဲ့ ခံနိုင်စွမ်းကို ယေရှုသိပါတယ်" (JESUS KNOWS JUST HOW MUCH I CAN BARE) ကို တရားဟောဆရာက စဆိုတဲ့အခါ အလုပ်ပင်ပန်းနေတဲ့အမတယောက်က ရုတ်တရက်ထအော်လိုက်သလိုပါပဲ။ အကနဲ့ အော်တာတို့က တူတာတွေ များပါတယ်။ နှစ်ခုစလုံးက လူကို သက်သာစေပါတယ်။ ကြိတ်မှိတ်ခံစားနေရတာတွေအတွက် လမ်းဖွင့်ပေးလိုက်တာပါ။ စည်းချက်တွေက ကုစားနိုင်ပါတယ်။ ဂီတကလည်း ကုစားနိုင်ပါတယ်။ အကနဲ့ အော်တာတို့က ကုစားနိုင်ပါတယ်။ တရားဟောဆရာတွေနဲ့ ဘုရားသီချင်းဆိုသူတွေက သိပြီးသားပါ။ အော်သူတွေ ကလည်း နှလုံးသားထဲကနေ သိပါတယ်။ တပတ်လုံး၊ တနှစ်လုံး၊ ဘဝတလျှောက်လုံး အလုပ်ကြိုးစားပြီး အရာမရောက်သူတွေက တနင်္ဂနွေနေ့မှာ ဘုရားကျောင်းသွားပြီး အော်တဲ့အခါ စိတ်သက်သာပါတယ်။ အသားရောင်ရှိသူနဲ့ ဆင်းရဲသူတွေက မစ္စစ္စစ်ပီမှာ မွေးချင်မွေးပါမယ်။ "ကျွန်ုပ်ရဲ့ ခံနိုင်စွမ်းကို ယေရှုသိပါတယ်။"

ဒါကြောင့် တခါတလေအော်ပြီး ပဲလ် ပရီးမတ်စ်က ခံရအတော်ခက်တဲ့ (Jim Crow Train) ကတဲ့အခါလို စိတ်နှလုံးသားထဲကနေ လေထဲ မြင့်မြင့် ခုန်လိုက်ပါ။ အထူးသဖြင့် ဆွေမျိုးတွေ မြောက်အာဖရိကမှာ ဒါမှမဟုတ် နယူးဂီနီမှာ တိုက်ပွဲဝင်နေတဲ့အခါနဲ့ (Jim Crow) ကားစီးပြီး အိမ်ပြန်တဲ့အခါတို့မှာပါ။

ကပြသူ၊ သုတေသီ အနေနဲ့ တောင်ပိုင်းကို သွားခဲ့ပါတယ်။ ကမ္ဘာမြေကြီးနဲ့ လူသားတွေကို ကိုယ်တွေ့ ကြုံတွေ့ဖို့ တောင်ပိုင်း သွားခဲ့ပါတယ်။ တကယ်ထူးခြားတဲ့ အတွေ့အကြုံပါပဲ။ အဆက်အသွယ်အဟောင်းတွေအကြောင်း သိရတာ။ ကျမက သူတို့ရဲ့ အဖွားအို ဒါမှမဟုတ် တောင်အာဖရိကကလာတဲ့ တယောက်ယောက် လိုပဲလို့ သူတို့ ပြောပါတယ်။ ကျမကလည်း သူတို့ကို လုပ်ကြံဇာတ်လမ်းတွေ ပြောပြပါတယ်။ တချို့ကတော့ လုပ်ကြံထားတာ။ တချို့ကတော့ တကယ်ပါ။

၁၉၄၄ ခုနှစ် မေစင် ဒစ်စီလိုင်းတောင်ပိုင်း သွားတုန်းက ပုံသံတွေ နှစ်ခြင်း ဘုရားကျောင်းတွေမှာ ကြားရခဲ့ပါတယ်။ ပုံကထွက်တဲ့ အသံမဟုတ်ပါဘူး။ တရားဟောဆရာရဲ့ လည်ချောင်းကပါ။

# မြို့ပြ ချုံပုတ် အမျိုးသမီးများ (URBAN BUSH WoMEN) အကြောင်း

(Urban Bush Women) ကို ဂုဏ်ယူစွာနဲ့ ဘရွတ်ကလင် နယူးယောက်မှာ အခြေစိုက်ထားပါတယ်။ UBW ကို နယူးယောက်မြို့မှာ အနှံ့အပြားတင်ဆက်ပြီးဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၊ အာရှ၊ သြစတြေလျ၊ ဥရောပနဲ့ တောင်အမေရိကတို့မှာ လှည့်လည်ပြီးပါပြီ။ တက်ရောက်ခဲ့တဲ့ပွဲတော်တွေထဲမှာ Jacob’s Pillow, Spoleto USA, နိုင်ငံတော် လူမည်းအနုပညာပွဲတော်၊ Dance Umbrella UK နဲ့ လင်ကွန်းစင်တာ အပြင်ဘက် (နယူးယောက်မြို့) တို့ပါပါတယ်။ နိုင်ငံတဝှမ်းက အဓိကတင်ဆက်သူတွေက ဒီအဖွဲ့ကို စီစဥ်ခိုင်းခဲ့ပြီး ရခဲ့တဲ့ဆုတွေထဲမှာ ၁၉၉၂ ခုနှစ် နယူးယောက် အကနဲ့ တင်ဆက်မှု (“Bessie”) ဆုနဲ့ ၂၀၀၄ ခုနှစ် အမေရိကန် အကပွဲတော်အတွက် အလုပ်အသစ်အတွက် ဒေါရစ် ဒုခ်ဆုတို့ ပါပါတယ်။ Urban Bush Women အဖွဲ့ မှာ ဇိုလာရဲ့ ကကွက်ဖန်တီးထားမှု ၃၂ ခု ပါဝင်ပြီး ဂျက်ဇ် ပညာရှင် ဒေးဗစ် မာရေး (David Murray)၊ ကဗျာဆရာမ လော်ရီ ကားလို့စ် (Laurie Carlos)နဲ့ ကဗျာဆရာ ကားလ် ဟင်းကော့ခ် ရပ်စ် (Carl Hancock Rux)၊ ဒါရိုက်တာ စတီးဗ် ကင့်န် (Steve Kent) နဲ့ အဲလစ်ဇာဘက် ဟယ်ရွန် (Elizabeth Herron)နဲ့ (ဖို့ဒ် ဖောင်ဒေးရှင်း အာဖရိက ဖလှယ်မှုအစီအစဥ်) ကထောက်ပံ့ထားတဲ့ မိုဇမ်ဘီနိုင်ငံ နိုင်ငံတော် သီချင်းနဲ့အကအဖွဲ့ တို့နဲ့ ပူးတွဲလုပ်ကိုင်ထားတာတွေ ပါပါတယ်။

၂၀၀၈ ခုနှစ်မှာ ဒီအဖွဲ့ဟာ နယူးယောက်မြို့ (BAM Next Wave ပွဲတော်) အပါအဝင် ၂၃ မြို့ လှည့်လည်ခဲ့ပြီး *(မှတ်ဉာဏ်အတိုင်းအတာ) (Les écailles de la mémoire) နဲ့ ကနေဒါနဲ့ ဂျာမနီတို့* သွားပြီး ဂျာမိန်း အကော့နီ (Germaine Acogny)နဲ့ အမျိုးသားချည့်ပါတဲ့ စီနီဂေါက JANT-Bi နဲ့ ပူးတွဲပြီး တညနေစာကြာတဲ့ အလုပ် ဖန်တီးခဲ့ပါတယ်။ နယူးအော်လင်း၊ စာရာစိုတာနဲ့ တာလာဟာစီ (ဖလောရီဒါ)၊ ဖီလဒဲလ်ဖီးယား၊ နယူးဟေဗင် (ကနက်တီကပ်)၊ ရီးဗားဆိုဒ် (ကာလီဖိုးနီးယား)နဲ့ ဖလင့် (မစ်ရှီဂန်) တို့မှာ ပြည်သူ့ကပြပွဲတွေဖြစ်သွားတဲ့ ရေရှည်လုပ်ငန်းခွင်သင်တန်းတွေလုပ်ခဲ့ပါတယ်။ UBW က UBW ရဲ့ နာမည်ကျော် လူမှုအသိုင်းအဝိုင်းနဲ့ ဆက်ဆံတဲ့နည်းတွေမှာ အနုပညာရှင်တွေနဲ့ လှုပ်ရှားသူတွေကို သင်တန်းပေးဖို့ နှစ်စဥ် နွေရာသီ ခေါင်းဆောင် သင်တန်းတွေ လုပ်ပါတယ်။

---

**ဂျဝိုးလေ ဝီလာ ဂျို ဇိုလာ (JAWOLE WILLA JO ZOLLAR)** *(အနုပညာရေးရာ ဒါရိုက်တာ)* က ၂၀၀၈ ခုနှစ် အမေရိကန်ပြည်ထောင်စု Wynn အနုပညာရှင် လေ့လာသူပညာရှင်နဲ့ မကြာသေးမီက (John Simon Guggenheim) အထိမ်းအမှတ်ဖောင်ဒေးရှင်းရဲ့ ခန့်အပ်ထားတဲ့ လေ့လာသူပညာရှင်ပါ။

သူမကို မစ်ဇူးရီပြည်နယ် ကင်းဆပ်မြို့မှာ မွေးဖွားပြီး အဲဒီမှာ ကြီးပြင်းခဲ့ပြီး နာမည်ကျော် ကက်သရင်း ဒန်းဟမ်း (Katherine Dunham) ရဲ့ ကျောင်းသား ဂျိုးဇက် စတီဗင်စင် (Joseph Stevenson) နဲ့ သင်ယူခဲ့ပါတယ်။ ဇိုလာဟာ အကနဲ့ B.A. ဘွဲ့ကို ကင်းဆပ်မြို့ရှိ မစ်ဇူးရီး တက္ကသိုလ်က ရခဲ့ပြီး အကနဲ့ အမ်အက်ဖ်အေကို ဖလော်ရီဒါ ပြည်နယ် တက္ကသိုလ်က ရခဲ့ပါတယ်။ ၁၉၈၀ မှာ (Sounds in Motion) မှာ ဒိုင်ယန်း မက်ကင်တိုင်ယာ (Dianne Mcintyre) နဲ့ သင်ကြားဖို့ နယူးယောက်မြို့ကို ပြောင်းခဲ့ပြီး ကို ၁၉၈၄ ခုနှစ်မှာ (Urban Bush Women) တည်ထောင်ခဲ့ပါတယ်။

(Urban Bush Women) အတွက် အလုပ် ၃၂ ခု ဖန်တီးရုံမက ဂျဝိုးလေဟာ အယ်လ်ဗင် အိုင်လီ အမေရိကန် ကဇာတ်၊ ဘဲလေး အာရီဇိုးနား ၊ Philadanco ၊ မယ်ရီလင် တက္ကသိုလ်၊ ဖလော်ရီဒါ တက္ကသိုလ်၊ ဒေတင် ခေတ်ပေါ်အကအဖွဲ့၊ ဗာဂျီးနီးယား ခနေသဟာရ တက္ကသိုလ်၊ Towson နဲ့ တခြားအဖွဲ့တွေအတွက် ကကွက်တွေ ဖန်တီးပေးခဲ့ပါတယ်။ ဆရာမနဲ့ ဟောပြောသူတယောက်အနေနဲ့ သူမဟာ မန်ကေတို ပြည်နယ် တက္ကသိုလ်မှာ(Worlds of Thought) ဌာနေ ပညာရှင်၊ (၁၉၉၅–၉၆) UCLA က အက၊ နိုင်ငံတကာအနုပညာနဲ့ ယဥ်ကျေးမှုဌာနမှာ (Regents) ကတိကအဖြစ်၊ အိုဟိုင်းအိုး တက္ကသိုလ်မှာ (၁၉၉၆) မှာ ဧည့်သည်အနုပညာရှင်အဖြစ်နဲ့ (၁၉၉၈) မာစာချူးစက် နည်းပညာ တက္ကသိုလ်မှာ (Abramowitz) အထိန်းအမှတ် ကတိကအဖြစ် တို့ပါဝင်ပါတယ်။ မစ်ဇူးရီး တက္ကသိုလ် (၁၉၉၃) ခုနှစ် နဲ့ ဖလော်ရီဒါ ပြည်နယ် တက္ကသိုလ် (၁၉၉၇) ကျောင်းသူဟောင်းဆုအဖြစ် သတ်မှတ်ခံပြီး (၂၀၀၂) ချီကာဂိုမြို့ ကိုလံဘီယာ ကောလိပ်က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ရခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာ ဇိုလာကို ပဲလ် ပရီးမတ်စ်ကနေ အကြံရတဲ့ (Walking With Pearl… Southern Diaries) အတွက် နယူးယောက် အကနဲ့ တင်ဆက်မှု BESSIE ဆုနဲ့ အသိအမှတ်ပြုခံရပါတယ်။ ဒီအလုပ်ကို နိုင်ငံတော် အနုပညာရန်ပုံငွေက အမေရိကန် လက်ရာ ပြောင်မြောက်မှု။ ။ အက –ကောလိပ် အခန်းအတွက် အသိအမှတ်ပြုခံရပါတယ်။ သူမဟာ အရင်က ဝါရှင်တန် ဒီစီအခြေစိုက် နိုင်ငံတော် အကဝန်ဆောင်မှုအဖွဲ့ အက/ USA ရဲ့ ဘုတ်အဖွဲ့ဝင်နဲ့ အကမှာ ပါဝင်တဲ့ နိုင်ငံတကာလူမည်းများ အသင်း (IABD) ရဲ့ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ဖလော်ရီဒါ ပြည်နယ် တက္ကသိုလ်က ဇိုလာဟာ မာတင်လူသာကင်း ဂုဏ်ထူးဆောင် ဝန်ဆောင်မှုဆုရပြီး အဲဒီမှာ အက ဌာနမှာ (Nancy Smith Fichter) ပါမောက္ခအဖြစ် လုပ်နေပါတယ်။

ဇိုလာက (Urban Bush Women) နွေရာသီ ခေါင်းဆောင် သင်တန်းကိုလည်း ညွှန်ကြားပါတယ်။ ဒီသင်တန်းဟာ လူမှုအသိုင်းအဝိုင်းကို အနုပညာဖန်တီးဖို့ အလေးထားဖို့ စိတ်ဝင်စားတဲ့ ခေါင်းဆောင်မှု အလားအလာရှိတဲ့ အနုပညာရှင်တွေကို အကနဲ့ လူမှုအသိုင်းအဝိုင်းမှာ ပူးပေါင်းဆောင်ရွက်မှုအတွက် အနီးကပ် သင်တန်းဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ ဒီသင်တန်းကျောင်းကို နယူးအိုလင်းကို ပြောင်းခဲ့ပါတယ်။ အဲဒီမှာ UBW က မြို့ပြန်လည်တည်ဆောက်ရေးကို (People’s institute for Survival & Beyond)၊ ၇ ရပ်ကွက် စင်တာ၊ (ArtSpot) ထုတ်လုပ်မှု၊ (Junebug) ထုတ်လုပ်မှုနဲ့ တူလိန်း၊ ဒစ်လဒ်၊ ဇေးဗီးယားနဲ့ UNO ပညာရေးအသိုင်းအဝိုင်းတွေ အပါအဝင် ဒေသခံ အနုပညာရှင်တွေ၊ လှုပ်ရှားသူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ဖို့ လုပ်နေပါတယ်။

**DanceMotion USA℠ လှည့်လည်ဖျော်ဖြေမှုနဲ့ပတ်သက်ပြီး ဂျဝိုးလေ ဝီလာ ဂျို ဇိုလာ အပြော။ ။**
“ကျမတို့အဖွဲ့က လူမှုရေးပြောင်းလဲမှုအတွက် ယဥ်ကျေးမှုဖော်ပြချက်ကို ကြားခံအဖြစ်သုံးတဲ့အပေါ် အခြေခံထားပါတယ်။ ဒီအချက်က ကျမတို့ ဘယ်သူဆိုတာနဲ့ ကျမတို့လုပ်ဆောင်နေတဲ့ရည်ရွယ်ချက်က ဘာဆိုတာကို ဒီအချက်က တိုက်ရိုက် ပြောပြနေပါတယ်။ ကျွန်ုပ်တို့ရဲ့ နိုင်ငံကို ကိုယ်စားပြုဖို့ ရွေးချယ်ခံရတာကို ဂုဏ်ယူပြီး ဒီအရေးကြီးတဲ့အစီအစဥ်ကြောင့် စိတ်လှုပ်ရှားစရာကောင်းတဲ့ ယဥ်ကျေးမှု ဖလှယ်မှုတွေ ရမယ်လို့ မျှော်လင့်ပါတယ်။”

**ခရစ်စတင်း ကင်း (CHRISTINE KING)** *(တွဲဖက် အနုပညာရေးရာ ဒါရိုက်တာ/သရုပ်ဆောင်)* ဟာ မိရှိဂန် ဇာတိဖြစ်ပြီး အကမှာ ဘီအေဘွဲ့ရထားပါတယ်။ နယူးယောက်မြို့ မှာ ဆယ်နှစ်ကျော်ကြာ ကလဲပေါ်တာ (Claire Porter)၊ ထရင်းကက် မွန်ဆော့ (Trinket Monsod)၊ Kaleidoscope ကချေသည်များ နဲ့ အေမီ စူး ရိုဇင် (Amy Sue Rosen) တို့အပါအဝင် အနုပညာရှင်တွေနဲ့ လုပ်ကိုင်ခဲ့ပါတယ်။ Ancient Vibrations ၊ Amasong တို့နဲ့ အဆိုတော်အဖြစ်နဲ့ Skeleton အကဖွဲ့အနဲ့ အဆိုတော်/သရုပ်ဆောင် အဖြစ်လုပ်ခဲ့ပါတယ်။ (Urban Bush Women) နဲ့ စပြီး အခန်းအမျိုးမျိုးမှာ ပါဝင်ခဲ့တဲ့အပြင် ကင်းဟာ မက်ဂရက်ဂါ/စမစ် (McGregor/Smith) ထုတ်လုပ်မှု ရဲ့ ("Blood Dazzler") မှာ သရုပ်ဆောင်အဖြစ် နောက်ဆုံး ပါဝင်ခဲ့ပါတယ်။ သူဟာ အကကို စာရာ စုဂိဟာရာ (Sara Sugihara)၊ ဝီလီယမ် အဒဲ (William Adair) နဲ့ ဒန် ဝါဂနာ (Dan Wagner) တို့နဲ့ သင်ခဲ့ပြီး အဆိုကို ဒိုင်ယန်း ဘာကလေ (Diane Barclay)၊ အာတီ ရှက်ပတ် (Artie Sheppard)၊ တိုရှိ ရီဂွန် (Toshi Reagon) နဲ့ တခြားလူတွေအများအပြားနဲ့ သင်ယူခဲ့ပါတယ်။ ကင်းဟာ (Urban Bush Women) နဲ့ ကာလကြာကြာဖျော်ဖြေခဲ့တာကို ဂုဏ်ယူပြီး ဒီအနုပညာရှင်တွေနဲ့ တခြားလူတွေကို သူတို့ရဲ့ အားပေးမှုနဲ့ အချစ်တို့အတွက် ကျေးဇူးတင်ပါတယ်။ ကင်းဟာ (Urban Bush Women) မှာ အနှစ် ၂၀ ရှိပါပြီ။

**မေဂင် ဘိုဒင် (MEGHAN BOWDEN)** *(အစားထိုး)* ဖလော်ရီဒါ ဇာတိဟာ နေရာ၊ အချိန်နဲ့ ပထဝီတည်နေရာကနေ ခေတ်ပေါ် ရွေ့လျားသူ ဖြစ်ပါတယ်။ ဂါနာကနေ ဖီလာဒဲလ်ဖီးယား အနောက်ပိုင်း၊ မာဘဲလားကနေ ဒီစီ၊ ကဲ့ ဟောဝတ် (Curt Haworth)၊ စမင်သာ စပီး (Samantha Speis)၊ စာရာ ပဲစင် (Sara Pearson)၊ ပက်ထရစ် ဝစ်ရစ် (Patrik Widrig)၊ လဇ် လာမန် (Liz Lerman)၊ နီတာ လီယမ် (Nita Liem)နဲ့ ဂဇဲလ် မေစင် (Gesel Mason) စတဲ့ ကကွက်ဖန်တီးသူတွေနဲ့ သူမရဲ့အတွေ့အကြုံတွေက နေ့စဉ် သူမကို ကချေသည်၊ ဆရာမ၊ ရွေ့လျားသူနဲ့ ဟောပြောသူအဖြစ် နေ့စဉ် သင်ကြားပေးပါတယ်။ ဘိုဒင်ဟာ အကပညာ ဘီအက်ဖ်အေဘွဲ့နဲ့ စိတ်ကြိုက် နည်းဗျူဟာကျ ကြော်ငြာခြင်းတို့ကို အနုပညာ တက္ကသိုလ်က ၂၀၀၆ ခုနှစ်မှာ ရခဲ့ပါတယ်။ ဟစ်ဟော့ပ် ဖန့်စတိုင်တွေကို စပြီး ကနေသူနဲ့ မယ်ရလင်–ဒီစီ ပြည်သူ့ကျောင်းတွေက ဆရာမလည်းဖြစ်ပါတယ်။

**ကက်သရင်း ဒေနေစီ (CATHERINE DÉNÉCY)** *(ကချေသည်)* ဟာ ပြင်သစ် အနောက်အင်းဒီးစ်က သူမရဲ့ဇာတိ ဂွာတာလူးပေမှာ စပြီး ပညာယူခဲ့ပါတယ်။ သူမရဲ့ ဆရာတွေကြားမှာ ပဲရစ် အော်ပရာ ဘဲလေး ဆရာ ဖဲဒရစ် ယန်း (Frederic Jahn) လည်း ပါပါတယ်။ အိုပရာ ဝင်းဖရီး ဖောင်ဒေးရှင်း ပညာသင်ဆု ရသူအနေနဲ့ အိုင်လီကျောင်း အနီးကပ်သင်တန်းတက်ဖို့ နယူးယောက်ကို လာခဲ့ပါတယ်။ ဒေနေစီဟာ ကယ်ရင် အာစီနိုး (Karen Arceneaux) ညွှန်ကြားတဲ့ Genesis အကအဖွဲ့နဲ့ အဲလ် မိုစလီ (Earl Mosley) ရဲ့ Diversity အကအပါအဝင် အဖွဲ့အမျိုးမျိုးနဲ့ လုပ်ကိုင်ဖူးပါတယ်။ ဒေနေစီဟာ အဲလစ်ဇဘက် ရော့စက် (Elizabeth Roxas)၊ ဂျက်ဖရီ ဂျရိုဒီယားစ် (Jeffrey Gerodias)၊ ဒနီးစ် ဂျက်ဖာစင်( Denise Jefferson)၊ ဒတ်ဒလီ ဝီလီယမ် (Dudley Williams) နဲ့ ဂျက်ကလင်း ဘူဂလိစီ (Jacqueline Buglisi)တို့ဆီမှာ သင်ယူခဲ့ပြီး ကကွက်ဖန်တီးသူတွေဖြစ်တဲ့ နိုရာ ချီပေါင်မိုင်ယာ (Nora Chipaumire)၊ ကမီးလ် ဘရောင်း (Camille Brown) နဲ့ ပီတာ လန်ဒန် (Peter London) တို့နဲ့ လုပ်ကိုင်ဖူးပါတယ်။ Urban Bush Women အဖွဲ့ဝင် တယောက်အနေနဲ့ အင်္ဂလန်၊ ဂျာမနီ၊ ကနေဒါနဲ့ စီနီဂေါ၊ မြောက်အာဖရိကနဲ့ နယူးယောက်မြို့ စင်တာနဲ့ ကယ်နဒီစင်တာတို့မှာ ဖြေဖျော်ဖူးပါတယ်။ ဒေနေစီက ၂၀၀၆ ခုနှစ်ကတည်းက Urban Bush Women မှာ ပါခဲ့ပါတယ်။

**မာဂျာနီ ဖောတေး (MARJANI FORTÉ)** *(ကချေသည်)* ဟာ သရုပ်ဆောင်၊ နည်းပြ၊ ကကွက်ဖန်တီးသူ ဖြစ်ပြီး လော့စ်အင်းဂျလိစ် အနုပညာကျောင်း သင်တန်းဆင်းလည်း ဖြစ်ပါတယ်။ စီးပွားရေး ဈေးကွက်ပညာနဲ့ ဘွဲ့ရခဲ့ပြီး ဒုတိယအဓိက အကဘွဲ့ကို လိုရိုးလား မေရီမောင့် တက္ကသိုလ်က ရပါတယ်။ လော့စ်အင်းဂျလိစ် ကျွမ်းကျင်သူပညာရှင်တွေနဲ့ ကကွက်ဆရာတွေဖြစ်တဲ့ ကယ်ရင် မက်ဒေါ်နယ် (Karen McDonald)၊ စတီဗင် စီမီယန် (Stephen Semien)၊ ကာရွန် ဘရောင်း–လေးမန် (Ka-Ron Brown- Lehman)၊ ဘဲလေးဆရာ ဒွန် ဟျူးဝစ် (Don Hewitt)နဲ့ ခေတ်ပေါ်အက ရှေးဦးပညာရှင် (Rudy Perez) တို့နဲ့ ရှေးဦး သင်ယူခဲ့ပါတယ်။ နောင်မှာ သူမဟာ ၂၀၀၄ ခုနှစ်မှာ နယူးယောက်မြို့ကို ပြောင်းတဲ့အခါ အိုင်လီ ကျောင်းမှာ သင်ယူခဲ့ပါတယ်။ ဖော့တေးဟာ အဲလ် မို့စလီ (Earl Mosely)၊ ဂါ့သ် ဖေဂင် (Garth Fagan) နဲ့ နီယာလဗ် (Nia Love) ရဲ့ (Blacksmith's Daughter) နဲ့ လုပ်ကိုင်ခဲ့ပါတယ်။ နာမည်ကျော် ကကွက်တင်ဆက်သူ ဘလွန်ဒဲလ် ကမ်မင်းစ် (Blondell Cummings) နဲ့ ကမီးလ် ဘရောင်း (Camille Brown) တို့ရဲ့ အလုပ်တွေ တင်ဆက်ဖူးပါတယ်။ ဂျဝိုးလေ ဇိုလာနဲ့ ဂျမိန် အာကော့ဂ်နီ (JANT-BI အဖွဲ့ ဒါရိုက်တာ) တို့ သမိုင်းဝင် ပူးပေါင်းလုပ်ကိုင်ခဲ့တဲ့ နာမည်ကျော် *Les écailles de la mémoire (The Scales of Memory)* အတွက် မူရင်းသရုပ်ဆောင်အဖြစ် တွေ့နိုင်ပါတယ်။ ဖော့တေဟာ ၂၀၀၅ ခုနှစ်မဟာ (Urban Bush Women) စတင်ပါဝင်ခဲ့ပါတယ်။

**ပလိုမာ မက်ဂရက်ဂါ (PALoMA MCGREGoR)** *(ကချေသည်)* ဟာ နယူးယောက်က The Kitchen မှာ ၊ Tribeca အနုပညာ တင်ဆက်မှု စင်တာ၊ ဘရော့ဇ် အနုပညာနဲ့ အကကျောင်းနဲ့ Solarone အနုပညာ ပွဲတော်နဲ့ ၊ UCLA ၊ ရေးလ် တက္ကသိုလ်၊ ဝါရှင်တန်ဒီစီက The Dance Place နဲ့ ကလိဗ်လင် ပြည်သူ့ ဇာတ်ရုံတို့မှာလည်း ကကွက်တင်ဆက်ဖူးပါတယ်။ သူနဲ့ သူ့ညီမဖြစ်သူ ဒါရိုက်တာ ပထရစ်ရှာ မက်ဂရက်ဂါ (Patricia McGregor) တို့ဟာ Angela's Pulse Performance Projects ကို ပူးတွဲ တည်ထောင်ခဲ့ပါတယ်။ သူတို့ရဲ့ လောလောဆယ် ပူးတွဲဆောင်ရွက်ချက်ဖြစ်တဲ့ *Blood Dazzler* ဟာ နာမည်ကျော် ENVISION ဆုကို Voice & Vision က တဆင့်ရခဲ့ပါတယ်။ ဒီဆောင်းဦးမှာ ပထမဆုံးပြမယ့် ဒီအလုပ်ကို ပက်ထရစ်ရှာ စမစ် (Patricia Smith) ရဲ့ ဆုရ ကထရီနား မုန်တိုင်းကို အခြေခံထားတဲ့ကဗျာပေါင်းချုပ်ကို အခြေခံထားပါတယ်။ မက်ဂရက်ဂါဟာ INSPIRIT အကအဖွဲ့ရဲ့ တွဲဖက် အနုပညာရေးရာ ဒါရိုက်တာဖြစ်ပြီး သတင်းစာပညာ သိပ္ပံဘွဲ့ကို ဖလော်ရီဒါ A&M တက္ကသိုလ်က ရခဲ့ပြီး အမ်အက်ဖ်အေဘွဲ့ကို အကပညာအတွက် ကေ့စ် ဝက်စတင် ရီဇဗ် တက္ကသိုလ်ကရခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်ကတည်းက Urban Bush Women နဲ့ လှည့်လည် ဖျော်ဖြေခဲ့ပါတယ်။

**စမင်သာ စပီးစ် (SAMANTHA SPEIS)** *(ကချေသည်)* ဟာ ကချေသည်၊ သရုပ်ဆောင်နဲ့ ကကွက်ဖန်တီးသူဖြစ်ပြီး ဘရွတ်ကလင် နယူးယောက်မှာ အခြေစိုက်ပါတယ်။ ဗာဂျီးနီးယား ခနေသဟာရ တက္ကသိုလ်က အကနဲ့ ကကွက်န်တီးမှုအတွက် ၂၀၀၅ ခုနှစ်မှာ ဗီအေအက်ဖ် ဘွဲ့ ရခဲ့ပါတယ်။ စပီးစ်ဟာ Gesel Mason Performance Projects ၊ လဇ် လာမန် (Liz Lerman) အကဖလှယ်အဖွဲ့၊ Pearson Widrig ကဇာတ်နဲ့ ရှာနီ နွမ်းဒို အီကေရီအိုဟာ ကောလင်း (Shani Nwando Ikerioha Collins) (Eternal Works)တို့နဲ့ ကပြဖူးပါတယ်။ သူမရဲ့ အလုပ်ကို ကယ်နဒီစင်တာ၊ အမေရိကန် အကပွဲတော်၊ Dance Bethesda ၊ လောင်းအိုင်လင် တက္ကသိုလ်၊ Joyce SoHo ၊ ဟောလင်းစ် တက္ကသိုလ်၊ Danspace အဖွဲ့နဲ့ Dance Place တို့မှာ တင်ဆက်ခဲ့ပါတယ်။ စပီးစ်ဟာ ယူအက်စ်နဲ့ ဂျာမနီမှာ Urban Bush Women အတွက် ပညာရှင်အတန်းတွေ သင်ပေးပြီး လဇ် လာမန်အက ဖလှယ်မှု စတူဒီယိုတွေ ၊ ဖလော်ရီဒါ ပြည်နယ် တက္ကသိုလ်နဲ့ တောင်စင်ပြည်နယ် တက္ကသိုလ်တို့မှာ သင်ဖူးပါတယ်။ အခုဟာ UBW နဲ့ သူမရဲ့ ဒုတိယ ရာသီဖြစ်ပါတယ်။

DANCEMOTION USA

**ကီးရှာ တာနာ (KEISHA TURNER)** *(ကချေသည်)* ကချိကာဂိုကလာပြီး အယ်ဘားနား–ရှမ်ပိန်းက အီလီနွိုင်း တက္ကသိုလ်တို့မှာ သင်ကြားခဲ့ပြီး အကနဲ့ ဘီအက်ဖ်အေဘွဲ့ရပါတယ်။ အလုပ်အကိုင်အရ သူမဟာ ဂျမိန်း အကော့နီ(Germaine Acogny)၊ စင်သီယာ အိုလီဗာ (Cynthia Oliver)နဲ့ ဂယ်ရီ ဟူလီဟန် (Gerri Houlihan) အပါအဝင် တခြားလူတွေနဲ့ သင်ဖူးပြီး Chicago Dance Crash ၊ Corpo အကအဖွဲ့နဲ့ မာဂရက် မောရစ် (Margaret Morris) အကတို့နဲ့ ဖျော်ဖြေဖူးပါတယ်။ တာနာဟာ Inner Child လို့ခေါ်တဲ့ အမျိုးမျိုးပါဝင်တဲ့ တင်ဆက်မှုကို တီထွင်မှုမှာ ပူးတွဲဆောင်ရွက်တွေဖြစ်တဲ့ အိုနိုမီ (Onome) နဲ့ မားဂရက် မောရစ် (Margaret Morris) တို့နဲ့ သုံးယောက်တွဲ မကြာမကြာ တင်ဆက်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ စတင်ပါဝင်ခဲ့တဲ့ Urban Bush Women နဲ့အတူ လူမှုရေးသက်ဆိုင်မှုနဲ့ ယဉ်ကျေးမှု ဖျော်ဖြေပွဲတွေကို ကပြသူတယောက်အဖြစ် ပါဝင်ရလို့ ဂုဏ် ယူပါတယ်။

**ဘင်နာဒရာ ဝီလီယမ် (BENNALLDRA WILLIAMS)** *(ကချေသည်)* ဇာတိမြို့ဖြစ်တဲ့ ဘာမင်ဟမ် အာလဘားမားက အာလဘားမား အနုပညာကျောင်းမှာ အကစသင်ခဲ့ပါတယ်။ အကနဲ့ ဘီအေအက်ဖ်ဘွဲ့နဲ့ လေ့ကျင့်ခန်း သိပ္ပံ၊ ကျန်းမာရေးနဲ့ အာဟာရပညာ သိပ္ပံဘွဲ့ကို ဖလော်ရီဒါပြည်နယ် တက္ကသိုလ်က ရခဲ့ပါတယ်။ လစ်ဒီယာ ဒေးဗစ် (Lynda Davis)၊ ရော်နယ်ကေ ဘရောင်း (Ronald K. Brown)၊ ခရစ်စတိုဖာ ဟစ်ဂင်း (Christopher Huggins)၊ ကယ်ဗင် ဂျက်ဖ် (Kevin Jeff)နဲ့ အဲလစ် ကက်လီ (Alex Ketley) အပါအဝင် အနုပညာရှင်အများအပြားနဲ့ လုပ်ကိုင်ပြီး ပညာသင်ဖူးပါတယ်။ အာလာဘားမား ဘဲလေးနဲ့ လုပ်ကိုင်ခဲ့ဖူးပြီး Cleo Parker Robinson အကအဖွဲ့ဝင်တယောက် ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရော ဥရောပမှာပါ ပညာရှင်သင်တန်းတွေ သင်ဖူးပါတယ်။ အခု Urban Bush Women နဲ့ စတုတ္ထ ရာသီဖြစ်ပါတယ်။

**စူစင် ဟမ်ဘာဂါ (SUSAN HAMBURGER)** *(အလင်းရောင် ဒီဇိုင်းပညာရှင်နဲ့ နည်းပညာ ဒါရိုက်တာ)* ဟာ ၊ Troika Ranch ၊ Urban Tap ၊ အဲလစ် ဖာလီ (Alice Farley)၊ ခရစ်စတိုဖာ ကိန်း (Chrisopher Caines)၊ စူစန် ချဲနီယက် (Susan Chirniak)၊ ကယ်ရို နိုလ်တီ (Carol Nolte)နဲ့ ဒေးဗစ် ပါကာ (David Parker) နဲ့ The Bang Group အပါအဝင် အများအပြားအတွက် ဒီဇိုင်းလုပ်ပေးဖူးပါတယ်။ *The Abundance* အဖွဲ့၊ *Hamletmachine, Logic of the Birds, On The Verge, A Child's Christmas in Wales, Little Shop Of Horrors, Suddenly Last Summer, The Great Highway, West Side Story, The Cryptogram, Hamlet, Much Ado About Nothing, Waiting for Godot,* နဲ့ *Mame* တို့အတွက်နဲ့ တခြား မူရင်း ပြဇာတ်တွေနဲ့ တင်ဆက်မှုတွေအတွက်လည်း ဒီဇိုင်းလုပ်ဖူးခဲ့ပါတယ်။ ဟမ်ဘာဂါဟာ ရေးလ် ပြဇာတ်ကျောင်းက ဘွဲ့ရဖြစ်ပါတယ်။ ဟမ်ဘာဂါဟာ Urban Bush Women ကို ၂၀၀၄ ခုနှစ်မှာ စဝင်ရောက်ပြီး ဒီအဖွဲ့နဲ့ ၅ နှစ်မြောက်လုပ်ကိုင်ရမှာမို့ ပျော်ပါတယ်။

**နာအိုကို နာဂါတာ (Naoko Nagata)** *(အဝတ်အစား ဒီဇိုင်းပညာရှင်)* အဝတ်အစား ထုတ်လုပ်လာပုံက နောက်ကြောင်းရှည်ပါတယ်။ စနစ်တကျ လုံးဝသင်ကြားမှုမရှိဘဲ နာဂါတာရဲ့ ပထမအဝတ်အစားက ဂျနင်း ဒဲနင်း (Jeanine Durning) အတွက် ၁၉၉၈ ခုနှစ်မှာ လုပ်ပေးခဲ့တာပါ။ အဲဒီအချိန်ကစပြီး သူဟာ ကကွက်ဖန်တီးသူ အမျိုးမျိုး၊ ကချေသည် အမျိုးမျိုးတို့နဲ့ အဆက်မပြတ် လုပ်ကိုင်ခဲ့ပါတယ်။ ဒေးဗစ် ဒေါ့ဖ်မန် (David Dorfman) အက၊ လဇ် လဲမန် (Liz Lerman)၊ ဘီဘာ မီလာ (Bebe Miller)၊ ဒေးဗစ် နူးမန် (David Neumann)၊ နီနာ ဝင်းသရော့ (Nina Winthrop)၊ ဂျီနာ ဂစ်နီ (Gina Gibney)၊ ရက်ဂျီ ဝီလ်စင် (Reggie Wilson)၊ အဲလစ် ဝုဒ် (Ellis Wood)၊ ကားလ် အင်ဒါစင် (Karl Anderson)၊ ဂျီလ် စက်မန် (Jill Segma)၊ Urban Bush Women နဲ့ တခြား လူတွေအများအပြားနဲ့ ပူးပေါင်းလုပ်ကိုင်ဖူးပါတယ်။ ပူးပေါင်း ဆောင်ရွက်သူတွေနဲ့ အနီးကပ်လုပ်ရင်း နာအိုကိုဟာ "တူညီတဲ့စိတ်ကူးဖန်တီးခြင်း" လို့ သူမကိုယ်တိုင် ခေါ်တဲ့အရာကို အသက်ဝင်အောင် ကူညီပေးနေပါတယ်။

# မြို့ပြ ချုံပုတ်အမျိုးသမီးများ(URBAN BUSH WOMEN)

**ဝန်ထမ်းများ (STAFF)**

ဂျာနာ လာ စော့ **(Jana La Sorte)** အမှုဆောင် ဒါရိုက်တာ

ခရစ်စတင်း ကင်း **(Christine King)** တွဲဖက် အနုပညာ ဒါရိုက်တာ

ဟင်နရီ လိုင်း **(Henry Liles)** ငွေကြေး မန်နေဂျာ

ပီယာ အမ် မားရေး **(Pia M. Murray)** အစီအစဉ် မန်နေဂျာ

စူစန် ဟမ်ဘာဂါ **(Susan Hamburger)** အလင်းရောင် ဒီဇိုင်းပညာရှင်/ နည်းပညာ ဒါရိုက်တာ

**IMG**အနုပညာသည်များ ကြိုတင်လက်မှတ် အေးဂျင့်။ ။ www.imgartists.com

ဒါရိုက်တာ ဘုတ်အဖွဲ့

ခရစ်စတယ် ဘယ်ရွန် **(Cristal Baron)** ငွေကြေးထိန်းသိမ်းသူ

ဝိန်းဘလဲ **(Wayne Blair)**

တမ်မီး ဘောမန်း **(Tammy Bormann)**

အဲရစ် အယ်လ် ဟောလ် **(Erik L. Hall)**

တာနီယာ မားရေး **(Tonya Murray)**

ဂျယ်နီဖာ စမစ် **(Jennifer Smith)**

စီလ်ဗီယာ အာရ် ဗိုဂဲလ်မန် **(Sylvia R. Vogelman)**

လော်ရီ အေ ဝါနာ **( Lorrie A. Warner)**

ဂျဝိုးလေ ဝီလာ ဂျို ဇိုလာ **(Jawole Willa Jo Zollar)**


**URBAN BUSH WoMEN**

138 South oxford Street, Suite #4B

Brooklyn, Ny 11217 USA

ဖုန်း။ ။ 718.398.4537

ဖက်စ်။ ။ 718. 398.4783

အီးမေး။ ။ info@urbanbushwomen.org

www.urbanbushwomen.org

# DANCEMOTIONUSA℠ အကြောင်း

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရိုရဲ့ စီမံကိန်းတရပ်ဖြစ်ပြီး BAM (Brooklyn Academy of Music - ဘရွတ်ကလင် ဂီတကျောင်း) က ထုတ်လုပ်တာဖြစ်တဲ့ DanceMotion USA℠ ဟာ နိုင်ငံတကာပရိသတ်တွေနဲ့ ခေတ်ပေါ် အမေရိကန်အက အတွေ့အကြုံကို စစ်ဆေး၊ ဖလှယ်ပြီး လေ့လာပါတယ်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလက မတ်လအထိ အကအဖွဲ့သုံးဖွဲ့ ဟာ ကမ္ဘာ့ဒေသအမျိုးမျိုးကို လနဲ့ချီကြာ ခရီးလှည့်လည်ပါတယ်။ ။ (အင်ဒိုနီးရှား၊ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ) အရှေ့တောင်အာရှမှာ ODC/Dance၊ (စင်နဂေါ၊ နိုင်ဂျီးရီးယားနဲ့ တောင်အာဖရိက) အာဖရိကမှာ ရော်နယ်ကေ ဘရောင်း/Evidence အကအဖွဲ့နဲ့ (ဗဲနဇွေးလား၊ ကိုလံဘီယာနဲ့ ဘရာဇီး) တောင်အမေရိကမှာ Urban Bush Women။

အမေရိကန်သံရုံးတွေဟာ ထိပ်တန်း ယဉ်ကျေးမှု၊ လူမှုရေးဝန်ဆောင်မှုနဲ့ လူမှုအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းတွေ၊ ပညာရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အများနဲ့မတူထူးခြားတဲ့ ကိုယ်စားလှယ်အစီအစဉ်တွေကို ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖလှယ်မှု အခွင့်ရေးတွေဖန်တီးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြည်သူတွေအတွက် ဖြေဖျော်မှုတွေကို မဟာဝိဇာအတန်းတွေ၊ ဟောပြောမှုတွေ၊ လုပ်ငန်းခွင်သင်တန်းတွေ၊ မီဒီယာ ကမ်းလှမ်းမှုတွေနဲ့ ပြည်တွင်းအနုပညာသမားတွေနဲ့ ဖလှယ်မှုတွေနဲ့ အတူလုပ်ပါတယ်။ ကျယ်ကျယ်ပျံ့ပျံ့ အင်တိုက်အားတိုက်နဲ့ ချိတ်ဆက်ဖို့ ဆင်းရဲပြီး ဝန်ဆောင်မှုနည်းပါးနေတဲ့လူငယ်တွေကို အထူးကမ်းလှမ်းမှုတွေ လုပ်နေပါတယ်။ ပညာရေးနဲ့ အခြေအနေနဲ့ကိုက်ညီတဲ့အရာတွေက ဒီစီမံကိန်းအတိုင်းအတာကို ကျယ်ပျံ့စေပါတယ်။ www.DanceMotionUSA.org ကို ကြည့်ပါ

## ပူးပေါင်းဆောင်ရွက်သူများ

**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရို** ဟာ အမေရိကန်ပြည်ထောင်စုနဲ့ တခြားနိုင်ငံတွေအကြား နားလည်မှုကို နိုင်ငံတကာ ပညာရေးနဲ့ ဖလှယ်မှု အစီအစဉ်တွေနဲ့ မြှင့်တင်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးမူဝါဒကိုထောက်ခံပြီး အမေရိကရဲ့ အနုပညာ ထူးကဲကျွမ်းကျင်မှုဖြစ်ထွန်းစေပြီး အမေရိကန်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေနဲ့ ရိုးရာတွေကို လေးစား နှစ်သက်ကြောင်းပြတဲ့ ယဉ်ကျေးမှုချင်းဖလှယ်တဲ့ အစီအစဉ်အမျိုးမျိုးကို ၄င်းရဲ့ ယဉ်ကျေးမှုအစီအစဉ် ဌာနခွဲကတဆင့် ဗျူရိုကထောက်ပံ့ပါတယ်။

**BAM** ရဲ့ လုပ်ငန်းရည်မှန်းချက်ဟာ ၂၁ ရာစုရဲ့ သာလွန်ထူးကဲပြီး တိုးတက်တဲ့ သရုပ်ဆောင်မှုနဲ့ ရုပ်ရှင်အနုပညာစင်တာဖြစ်ပြီး နိုင်ငံတကာရော ဒေသခံအသိုင်းအဝိုင်းတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ၄င်းရဲ့ တာရှည်ခံတဲ့ ရည်ရွယ်ချက်က ပရိသတ်တွေအနေနဲ့ ခက်ခဲပြီး ကြွယ်ဝတဲ့ယဉ်ကျေးမှုအစီအစဉ်တွေအမျိုးမျိုးကို ကြုံတွေ့နိုင်တဲ့ ထူးခြားတဲ့ပတ်ဝန်းကျင်အနေအထားပေးဖို့ ဖြစ်ပါတယ်။ ဘရွတ်ကလင် နယူးယောက်မှာ အခြေစိုက်ထားတဲ့ BAM ဟာ အမေရိကန်ပြည်ထောင်စုမှာ ရှေးအကျဆုံးနဲ့ စဉ်ဆက်မပြတ် လည်ပတ်နေတဲ့ သရုပ်ဆောင်အနုပညာစင်တာဖြစ်ပြီး ၁၅၀ နှစ်ပတ်လည်ကို ၂၀၁၀ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ www.BAM.org ကို ကြည့်ပါ

## အထွေထွေမန်နေဂျာ

**Lisa Booth Management, Inc.** (Lisa Booth၊ ဥက္ကဋ္ဌ၊ Deirdre Valente၊ ဒု ဥက္ကဋ္ဌ) ဟာ နယူးယောက်မြို့ အခြေစိုက် ထုတ်လုပ်ရေးနဲ့ စီမံခန့်ခွဲရေးအဖွဲ့အစည်းတခုဖြစ်ပြီး ခေတ်ပေါ် ကိုယ်တိုင်တိုက်ရိုက်ဖြေဖျော်မှုကို အလေးထားပါတယ်။ LBMI က ကမ္ဘာတဝှမ်းမှာ အနုပညာရှင်တွေ ထုတ်လုပ်ပြီး ကမ္ဘာတဝှမ်းလှည့်လည်ပါတယ်။ ပွဲတွေ၊ နေရာဒေသဆိုင်ရာ အခန်းအနားတွေနဲ့ အထူးစီမံကိန်းတွေ ကျင်းပ စီမံခန့်ခွဲပါတယ်။ ၁၉၈၃ ခုနှစ်က စပြီး LBMI အစီအစဉ်တွေကို တိုက် ခြောက်တိုက်ရှိ နိုင်ငံပေါင်း ၃၀ မှာရှိတဲ့ မြို့ပေါင်း ၃၀၀ ကျော်မှာ ကျင်းပခဲ့ပါတယ်။

---

လှည့်လည်ဖြေဖျော်မှု အချက်အလက်ရယူဖို့ ဆက်သွယ်ရန်။
LISA BOOTH
MANAGEMENT, INC.

145 West 45th St, #602
New York, NY 10036
ဖုန်း 212.921.2114
ဖက်စ် 212.921.2504
artslbmi@msn.com

BAM

DANCEMOTION USA™